# ၁၉၅၇ ခုနှစ်၊ နိုင်ငံတော် ရာထမ်း မှုထမ်းများ ကြွေးမြီပေးဆပ်ခြင်း ရပ်ဆိုင်းရေး အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ နိုင်ငံတော် ရာထမ်း မှုထမ်းများ ကြွေးမြီပေးဆပ်ခြင်းရပ်ဆိုင်းရေး အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမ္မတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ။ဤအက်ဥပဒေ၌ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်——

(က) "ရာထမ်း မှုထမ်း" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရလက်အောက်၌ဖြစ်စေ၊ ပြည်နယ်အစိုးရ လက်အောက်၌ဖြစ်စေ၊ လစာဖြင့်အမှုထမ်းရွက်သူကိုဆိုလိုသည်။ ထိုစကားရပ်တွင် ဒေသန္တရအာဏာပိုင်လက်အောက်၌ဖြစ်စေ၊ တရားဥပဒေဖြင့်သော်၎င်း၊ အစိုးရအမိန့်ဖြင့်သော်၎င်း၊ ဖွဲ့စည်းထားသည့်အဖွဲ့ လက်အောက်တွင် ဖြစ်စေ၊ လစာဖြင့် အမှုထမ်းရွက်သူလည်း မပါဝင်သည်။

(ခ) "ကြွေးမြီ" ဆိုသည်မှာ၊ အာမခံရှိသည်ဖြစ်စေ၊ မရှိဘဲဖြစ်စေ၊ အတိုးနှင့်ငွေချေးယူသည်အတွက် တင်ရှိသောကြွေးမြီကို ဆိုလိုသည်။ ထိုစကားရပ်တွင် ပေးရန်အချိန်ကျရောက်သည်ဖြစ်စေ၊ မကျရောက်သည်ဖြစ်စေ၊ တရားမရုံး၏ဒီကရီ၊ သို့တည်းမဟုတ် အမိန့်အရ ပေးရမည့်ငွေလည်း ပါဝင်သည်။ သို့သော်လည်း ထိုစကားရပ်တွင် အစိုးရထံမှသော်၎င်း၊ အစိုးရအပေါင်ဆိုင်မှသော်၎င်း၊ ဒေသန္တရအာဏာပိုင်ထံမှ သော်၎င်း၊ သမဝါယမ ငွေစုငွေချေး အသင်းမှသော်၎င်း၊ အသက်အာမခံ ကုမ္ပဏီမှသော်၎င်း၊ တရားဥပဒေအရ၊ သို့တည်းမဟုတ် အစိုးရအမိန့်အရ ဖွဲ့စည်းထားသည့် အဖွဲ့မှသော်၎င်း၊ ချေးယူသည့်ကြွေးမြီ မပါဝင်ချေ။

(ဂ) "မြီရှင်" ဆိုသည်မှာ၊ ရာထမ်း မှုထမ်းတဦးဦးထံမှကြွေးမြီရရန် ရှိသူကိုဆိုလိုသည်။

၃။ ။အခြားတည်ဆဲ တရားဥပဒေ တခုခုတွင်သော်၎င်း၊ ကြွေးမြီပဋိညာဉ် တခုခုတွင်သော်၎င်း၊ အပေါင်စာချုပ်တခုခုတွင်သော်၎င်း၊ မည်သို့ပင် ပါရှိစေကာမူ၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီ ရာထမ်းမှုထမ်းများကချေးယူခဲ့

အဘိုး— ၁၀ ပြား]

သော ကြွေးမြီအားလုံးနှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ခြင်းကို ခြောက်လရပ်ဆိုင်းထားရမည်ဟု ဤအက်ဥပဒေဖြင့် ကျေညာလိုက်သည်။

ခြွင်းချက်။ ။သို့ရာတွင် —

(၁) ဤအက်ဥပဒေ စတင်အာဏာမတည်မီက စည်းကမ်းသတ် ကာလအပိုင်းအခြား ကျော်လွန်သောကြောင့် တောင်းဆိုခွင့်မရှိသော ကြွေးမြီကို၊ ဤအက်ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ၊ ထိုကြွေးမြီတောင်းဆိုခွင့်ကို ပြန်လည်ပေးသည်ဟုမမှတ်ယူစေရ။

(၂) ဤအက်ဥပဒေ စတင်အာဏာမတည်မီက၊ စည်းကမ်းသတ်ကာလ မကျော်လွန်သည့် ကြွေးမြီ အပေါ်တွင်၊ ကြွေးမြီ ပေးဆပ်ခြင်း ရပ်ဆိုင်းထားသည့် အချိန်အတွင်း၊ အတိုးတက်နေသည်ကို၊ ဤအက်ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ တားမြစ်သည် ဟူ၍လည်းမမှတ်ယူစေရ။

၄။ ။ကြွေးမြီကို၊ ရာထမ်း မှုထမ်းထံမှ ရရန်ရှိသော မြီရှင်အားလုံးသည်၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှခြောက်လအတွင်း၊ မိမိတို့၏မြီစားများဖြစ်သောရာထမ်း မှုထမ်းများနေထိုင်သည့်၊ သို့တည်းမဟုတ် အမှုထမ်းနေသည့်ခရိုင်အသီးသီး၏ခရိုင်ဝန်ထံ အောက်ပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍ အသိအမှတ်ပြုစေရန် အကြောင်းကြားရမည်။

(က) ရာထမ်း မှုထမ်း၏အမည်၊ ရာထူး၊ အမှုထမ်းရွက်သည့်ဌာန၊

(ခ) ရာထမ်း မှုထမ်း၏နေရပ်၊ထို့ပြင်

(ဂ) ရာထမ်း မှုထမ်းထံမှ၊ရရန်ရှိသည့်ကြွေးမြီမည်၍မည်မျှအပြင်၊ ကြွေးမြီနှင့်စပ်လျဉ်းသည့် အခြားအကြောင်းအရာများ။

၅။ ။အခြားတည်ဆဲတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုဒ်မ ၄ တွင် သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း၊ မြီရှင်ကမိမိရရန်ရှိသည့် ကြွေးမြီနှင့်စပ်လျဉ်း၍ အသိအမှတ်ပြုရန် အကြောင်းကြားခြင်းမပြုလျှင်၊ မည်သည့်တရားရုံးကမှ၊ ထိုရာထမ်း မှုထမ်းပေးရန်ရှိသောကြွေးမြီနှင့် စပ်လျဉ်းသည့်အမှုကိုလက်မခံရ။

ပ၊မ၊ဗ၊စ—အမှတ် ၅၁၊ သမတအိမ်တော်၊ ၃-၂-၅၈—၂,၂၀၀—၂။